ဧကန်မုချ အသင်တို့သည် ဤလပြည့်ဝန်းကို

တွေ့မြင်ကြရသကဲ့သို့ အသင်တို့၏အရှင်မြတ်အား

ဖူးမြင်ကြရမည်ဖြစ်သည်။ ထိုအရှင်မြတ်ကို ဖူးမြင်ရာတွင်အသင်တို့သည် တိုးဝှေ့ကြရမည် မဟုတ်ပေ။

ဂျရီးရ်ဗင်န် အဗ်ဒုလ္လာဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်တို့သည်
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)နှင့်အတူ ရှိနေစဉ် ကိုယ်တော်မြတ်က
လပြည့်ည၏ လပြည့်ဝန်းကို ကြည့်ရှုပြီး မိန့်ကြားတော်မူသည်မှာ- ဧကန်မုချ
အသင်တို့သည် ဤလပြည့်ဝန်းကို တွေ့မြင်ကြရသကဲ့သို့ အသင်တို့၏အရှင်မြတ်အား
ဖူးမြင်ကြရမည်ဖြစ်သည်။ ထိုအရှင်မြတ်ကို ဖူးမြင်ရာတွင် အသင်တို့သည်
တိုးဝှေ့ကြရမည် မဟုတ်ပေ။ ထို့ကြောင့် အသင်တို့သည် နေမထွက်မီ (ဖဂျ်ရ်) ဆွလာသ်
နှင့် နေမဝင်မီ(အဆွ်ရ်) ဆွလာသ်ကို (လက်လွတ်သည်အထိ မည်သည့်အရာ၏)
လွှမ်းမိုးမှုမျှမခံရလေအောင် တတ်စွမ်းနိုင်သမျှ ပြုလုပ်ကြပါ။ ထို့နောက်
ကိုယ်တော်က ဤအာယသ်တော်ကို ဖတ်ရွတ်တော်မူသည် (ထို့ပြင် အသင်သည် နေမထွက်မီနှင့်
နေမဝင်မီ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား
ချီးမွမ်းခြင်းနှင့်တကွ (အရှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်းရွတ်ဆိုနေပါ။)
[صحيح] [متفق عليه]

တစ်ညတွင် ဆွဟာဗဟ်သာဝကများသည် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) နှင့်အတူရှိနေစဉ်ကိုယ်တော်သည် ဆယ့်လေးရက်ည လပြည့်ဝန်းကို ကြည့်ရှုတော်မူပြီးမိန့်ကြားသည်မှာ- အမှန်တကယ်ပင် မုအ်မင်န်သက်ဝင်ယုံကြည်သူများသည်မိမိတို့၏အရှင်မြတ်အား မိမိတို့၏မျက်လုံးများဖြင့် သံသယမရှိမုချဖူးမြင်ကြရမည်ဖြစ်သည်။ ၎င်းတို့သည် ထိုအရှင်မြတ်ကို ဖူးမြင်ရာတွင်တိုးဝှေ့ကြခြင်းလည်းမရှိ၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အခက်အခဲဖြစ်ခြင်းလည်းရှိကြမည်မဟုတ်ပေ။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ဖဂျ်ရ် ဆွလာသ်နှင့် အဆွ်ရ် ဆွလာသ်ကိုအနှောက်အယှက်ဖြစ်စေမည့် အကြောင်းအရာမှန်သမျှကို တတ်နိုင်သမျှ ဖြတ်တောက်ပစ်ရန်မိန့်ကြားတော်မူခဲ့သည်။ ထိုဆွလာသ်နှစ်ကြိမ်အား သူ့အချိန်နှင့်သူ ဂျမာအသ်နှင့်တကွဆောက်တည်ရန် လာရောက်ရမည်ဖြစ်ပြီး ထိုသို့ဆောက်တည်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏မျက်နှာတော်ကို ဖူးမြင်ရမည့် အကြာင်းခံများတွင်ပါဝင်သည်။ ထို့နောက် ကိုယ်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ဤအာယသ်တော်ကို ဖတ်ရွတ်တော်မူခဲ့သည် (ထို့ပြင်အသင်သည် နေမထွက်မီနှင့် နေမဝင်မီ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အားချီးမွမ်းခြင်းနှင့်တကွ (အရှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်း ရွတ်ဆိုနေပါ။) ကုရ်အာန် (၅၀:၃၉)